# (၂၁) ကြိမ်မြောက်သာမန်တနင်္ဂနွေနေ့။

**ပထမကျမ်း။**

## “ဒါဝိတ်အိမ်တံခါးသော့ကိုသူ၏ ပခုံးပေါ်မှာ ငါထားမည်။”

*ပရောဖက်အီဇာအိယအနာဂတ္တိကျမ်း - ၂၂။ ၁၉မှ ၂၃။*

သခင်ဘုရားသည်ကျောင်းတော်အုပ်ဆောဖနေအားဤသို့အမိန့်တော်ရှိသည်။ “ငါသည်သင့်ကို အိမ်တော်မှနှင်ထုတ်၍သင်၏ရာထူးမှသင့်ကိုငါချမည်။ထိုနေ့ရက်၌ဟဲလ်ခီအေ၏သားငါ၏ကျွန်ဧလိယ ချင်ကိုငါခေါ်မည်။သူ့အားသင်၏ ဝတ်ရုံကို ဝတ်ဆင်ပေး၍ သင်၏ ခါးစည်းကြိုးဖြင့် စည်းပေးမည်။ သင်၏ အာဏာကိုသူ၏လက်တွင်းသို့ငါအပ်ပေးမည်။ သူသည်လည်း ဂျူဒအမျိုးနှင့် ဂျေရုဇလင်မှာနေထိုင်ကြသော သူတို့၏အဖဖြစ်လိမ့်မည်။ဒါဝိတ်အိမ်တံခါးသော့ကိုသူ၏ပုခုံးပေါ်မှာငါထားမည်။သူသည်တံခါးကိုပိတ် သောအခါမည်သူတစ်ဦးတစ်ယောက်မျှဖွင့်နိုင်လိမ့်မည်မဟုတ်။သူသည်တံခါးကိုဖွင့်သောအခါမည်သူတစ် ဦးတစ်ယောက်မျှပိတ်နိုင်လိမ့်မည်မဟုတ်။သူ့အားလုံခြုံသောနေရာ၌တည်မြဲစေမည်။သူသည်မိမိအဖ အိမ်တော်၌ ဂုဏ်ကျက်သရေနှင့် ပြည့်စုံလိမ့်မည်။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

**ဆာလံသီချင်းကျေးခြင်း။**

ဆာလံ - ၁၃၇၊

*သံပြိုင်  အိုသခင်ကိုယ်တော်၏ကရုဏာတော်သည်ကာလအဆက်ဆက်တည်တော်မူ၏။*

*ကိုယ်တော်ဖန်ဆင်းထားသော အရာများကို စွန့်ပစ်တော်မမူပါနှင့်။*

- အိုသခင်ကျွန်ုပ်သည် ကိုယ်တော်အားစိတ်နှလုံးအကြွင်းမဲ့ဝန်ခံပါသည်။ အကြောင်းမူကား ကျွန်ုပ်၏ဆုတောင်းသံ ကို ကိုယ်တော်နားညောင်းတော်မူလေပြီ။ ကျွန်ုပ်သည်ကောင်းကင်တမန်တော် တို့၏မျက်မှောက်၌ ကိုယ်တော်အား ဆာလံကျေးပါမည်။ ကိုယ်တော်၏ မြင့်မြတ်သန့်ရှင်းသော ဗိမာန်တော်၌ ဝတ်ပြုကိုးကွယ်ပါမည်။ (သံပြိုင်)
- ကိုယ်တော်၏ ကရုဏာမေတ္တာတော်နှင့် သစ္စာတော်ကြောင့် ကိုယ်တော်၏နာမတော်အား ချီးမွမ်း ထောမနာပြုပါမည်။ ကျွန်ုပ်သည် ကိုယ်တော်အားတောင်း လျှောက်သောနေ့တိုင်း ကျွန်ုပ်အား နားညောင်းတော်မူပါ။ ကျွန်ုပ်၏ဝိညာဉ်၌ခွန်အားတန်ခိုးကိုပွားများစေတော်မူပါ။ (သံပြိုင်)
- အကြောင်းမူကား သခင်ဘုရားသည် ဘုန်းကြီးတော်မူ၏။ နှိမ့်ချသောသူကိုကြည့်ရှုတော်မူ၍ မာနထောင်လွှားသောသူကို အဝေးမှအသိအမှတ်ပြုတော်မူ၏။ အိုသခင်ကိုယ်တော်၏ ကရုဏာတော်သည် ကာလအဆက်ဆက်တည်တော်မူ၏။ (သံပြိုင်)

**ဒုတိယကျမ်း။**

**" ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်မှလည်းကောင်း၊ ကိုယ်တော်အားဖြင့်လည်းကောင်း၊ ကိုယ်တော်အဖို့လည်းလည်းကောင်းဖြစ်ကြကုန်၏။"**

*မွန်မြတ်သောတပည့်တော်ကြီးသံပေါလူး ရောမားမြို့သားတို့ထံရေးသောစာ။ (၁၁၊ ၃၃ နှင့် ၃၆ အထိ)*

ဘုရားသခင်၏မဟာကရုဏာတော်၊ ရွှေဉာဏ်တော်နှင့် ပညာတော်သည် နက်နဲလှပေတကား။ ကိုယ်တော်၏စီရင်တော်မူချက်တို့ကိုမည်သူဝေဖန်၍ပြနိုင်သနည်း။ကိုယ်တော်၏လမ်းစဉ်တို့ကိုလည်းမည်သူနားလည်နိုင်သနည်း။ဘုရားသခင်၏အကြံအစည်တော်ကိုမည်သူသိဖူးသနည်း။ဘယ်သူသည်ကိုယ်တော်၏အကြံပေးပုဂ္ဂိုလ်ဖြစ်ဖူးသနည်း။ဘုရားသခင်ကကျေးဇူးတုံ့ပြန်ရန်မည်သူသည်ကိုယ်တော်အားကျေးဇူးပြုဖူးသနည်း။ကိုယ်တော်အားဖြင့်လည်းကောင်း၊ကိုယ်တော်အဖို့လည်းကောင်းဖြစ်ကြကုန်၏။ ကိုယ်တော်အားကာလအဆက်ဆက် ဘုန်းတော်ဂုဏ်တော်ရှိပါစေသော။ အာမင်။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။*

အာလေလူယား၊ (မာတေဦး၊ ၁၆၊ ၁၈)

အာလေလူယား။သင်သည်ပေတရူးဖြစ်သည်။ ဤကျောက်ပေါ် မှာငါ၏ အသင်းတော်ကိုတည်ဆောက်မည်။ ထိုအသင်းတော်ကိုငရဲတံခါးတို့သည် မအောင်နိုင်ရာ။ အာလေလူယား။

**ဧဝံဂေလိကျမ်း။**

**"သင်သည် ပေတရူးဖြစ်သည်။ သင့်အားကောင်းကင်နိုင်ငံတော်၏ သော့များကိုငါပေးမည်"**

*သံမာတေဦးရေးထားသော သန့်ရှင်းသောဧဝံဂေလိကျမ်း။ (၁၆၊ ၁၃ မှ ၂၀)*

ထိုကာလ၌သခင်ယေဇူးသည်ဖိလစ်ပုစေဇာရေယမြို့သို့ကြွလာတော်မူသောအခါလူများတို့သည်လူသားကိုအဘယ်သူဖြစ်သည်ကိုဆိုကြသနည်းဟုတပည့်တော်တို့အားမေးတော်မူလျှင်တချို့ကယောဟန်ဗတ္တိစတားဟူ၍လည်းကောင်း၊တချို့ကဧလိယဟူ၍လည်းကောင်း၊အချို့သော်ကားယေရေမိယဟူ၍သော်လည်းကောင်း၊ပရောဖက်တစ်ပါးပါးဟူ၍သော်လည်းကောင်းသူတို့လျှောက်ကြ၏။ ယေဇူးကသင်တို့မူကားငါအဘယ်သူဖြစ်သည်ကိုဆိုကြသနည်းဟုသူတို့အားမိန့်တော်မူသော် စီမုန်ပေတရူးကကိုယ်တော်သည်အသက်ရှင်တော်မူသောဘုရား၏သားတော်ခရစ္စတူးဖြစ်တော်မူပါ၏ဟုလျှောက်၏။ ယေဇူးကလည်း ယောန၏ သားစီမုန်သင်သည် မင်္ဂလာရှိသောသူဖြစ်သည်။ အကြောင်းမူကား

အသွေးအသားမဟုတ်၊ကောင်းကင်ဘုံ၌ရှိတော်မူသောငါ၏ခမည်းတော်သည်သင့်အားဖေါ်ပြတော်မူသ တည်း။ငါသည်လည်းသင့်အားဆိုသည်ကားသင်သည်ပေတရုးဖြစ်၏။ဤကျောက်ပေါ်မှာငါ၏အသင်းတော်ကို ငါတည်ဆောက်မည်။ ထိုအသင်းတော်ကို ငရဲတံခါးတို့သည် မအောင်နိုင်ရာ။ ကောင်းကင်နိုင်ငံတော်၏ သော့တို့ကိုလည်းငါပေးမည်။မြေကြီးပေါ်မှာသင်ချည်နှောင်လေသမျှသည်ကောင်းကင်ဘုံ၌ချည်နှောင် လျက်ရှိလိမ့်မည်။မြေကြီးပေါ်မှာသင်ဖြေလွှတ်လေသမျှသည်လည်းကောင်းကင်ဘုံ၌ဖြေလွှတ်လျက်ရှိလိမ့်မ ည်ဟုမိန့်တော်မူ၏။ထိုအခါကိုယ်တော်သည်ခရစ္စတူးဟူသောယေဇူးဖြစ်ကြောင်းကိုအဘယ်သူအားမျှမပြော စိမ့်သောငှာတပည့်တော်တို့အား မိန့်မှာတော်မူ၏။

*ဤသည်ကား ဘုရားသခင်၏ နှုတ်ကပါဋ်တော်ပေတည်း။*